the voice of spring

8.7.2021 · Thursday · No . 74 · Daily News Pamphlet

## မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်ရွေးချယ်ရေးအတွက် အာဆီယံအဖွဲ့ အကြပ်အတည်းနှင့် ရင်ဆိုင်နေရဟုသိရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ဗိုလ်ချုပ်ကြီးယွက်ဆစ် အပစ်ရပ်အဖွဲ့(၁၀)ဖွဲ့၏ PPST ယာယီအဖွဲ့ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ဂျူလိုင်(၇)ရက်၊ ၁၉၆၂ ခုနှစ်၊ အတိတ်သမိုင်းမှ ကျောင်းသားလူငယ်များ၏ အမှန်တရားကို ချစ်မြတ်နိုးသည့်စိတ်ဓါတ်၊ မတရားမှုကို ဆန့်ကျင်တော်လှန်ရဲသည့် သတ္တိတို့သည် ယနေ့တိုင် ရှင်သန်နေဆဲဖြစ်ပြီး ဘဝနှင့် အသက်ကို ပေးဆပ်ကာတိုက်ပွဲဝင်ခဲ့ကြသည့် ကျောင်းသားလူငယ်တို့ကို ဦးညွှတ်ဂုဏ်ပြုပါကြောင်း NUG အစိုးရက ပြောကြားခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

# ဆဲဗင်းဂျူလိုင်စိတ်ဓါတ်ဖြင့် နိုင်ငံအနှံ့ ပြောက်ကျားသပိတ်စစ်ကြောင်းများကို ပြုလုပ်ခဲ့ကြ








ဂျူလိုင်လ(၇)ရက်၊ ပြုလုပ်ခဲ့သည့် ရန်ကုန်မြို့နယ်ပေါင်းစုံလူငယ်သပိတ်စစ်ကြောင်းနှင့် မန္တလေးတပ်ပေါင်းစုသပိတ်စစ်ကြောင်းတို့ကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ - **CJ** )

## ကျောင်းသားများ၏ သမဂ္ဂစိတ်ဓါတ်နှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံမှ ခေါင်းဆောင်အားလုံး၏ အတွေ့အကြုံတို့ကို ပေါင်းစပ်ကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအိပ်မက်ကို အကောင်အထည်ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ကြောင်း NUG အစိုးရအဖွဲ့က (၅၉)နှစ်မြောက်ဆဲဗင်းဂျူလိုင်အခမ်းအနားများသို့ သဝဏ်လွှာပေးပို့ခဲ့

သတင်းတို

ရင်းမြစ် – **NUG** မှ

## ကနီမြို့နယ်၌ စစ်အုပ်စု လက်ကျန် RPG ပေါက်ကွဲသဖြင့် ကလေးငယ်(၃)ဦးသေဆုံးပြီး (၄)ဦးဒဏ်ရာရရှိခဲ့

သတင်းတို

ရင်းမြစ် – **RFA** မှ

## ကုလလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးက မြန်မာပြည်သူများနှင့် ရပ်တည်ပေးရန် နိုင်ငံတကာကို တောင်းဆိုခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## စစ်အုပ်စုမှ မီတာခကို ဖိအားပေးပြီးဆောင်ခိုင်းနေသည့် ရန်ကုန်၊ သဃ်န်းကျွန်းနှင့် တာမွေရှိ လျှပ်စစ်ရုံးများ၌ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့်ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဂျူလိုင်(၆)ရက်အထိ

ကျဆုံးသူဦးရေ - ၈၉၄ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၅၂၂ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၄ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
8.7.2021 · Thursday · No . 74 · Daily News Pamphlet

## အရေးတော်ပုံ မုချ အောင်ရမည်

# သတင်းမှတ်စု

ဂျူလိုင်(၇)ရက်၊ ၂၀၂၁

- မြန်မာလူထုက သက်သေပြမှုကြောင့် အမျိုးသားညီညွတ်ရေးအစိုးရ NUG သာလျှင် လက်တွေ့အစိုးရ ဖြစ်သည့်အတွက် ဂျပန်နိုင်ငံက ကူညီသွားမည်ဖြစ်ကြောင်း ဂျူလိုင်(၆)ရက်က ပြုလုပ်သည့် ဂျပန်ပါလီမန်အမတ်များနှင့် NUG အစိုးရအကြား အစည်းအဝေးတွင် ဂျပန်ဘက်က ပြောဆိုခဲ့ဟုသိရ။
- စစ်အုပ်စုက လိုင်စင်မဲ့ ဆိုင်ကယ်များကို ဂျူလိုင်(၇)ရက်မှ ဩဂုတ်လ(၁၉)ရက်အထိ One Stop Service စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်လုပ်ပေးမည်ဟုကြေညာကာ ဝင်ငွေရှာဖွေရန် ကြိုးစားလျက်ရှိ။

စိမ်ကို အာမခံမည် မဟုတ်ဟု ထုတ်ပြန်ခဲ့။

- မီတာခမဆောင်ဟုဆိုကာ စစ်အုပ်စုက မီးလိုက်ဖြတ်မှုများပြုလုပ်နေသည့် တာမွေမြို့နယ်ရှိ လျှပ်စစ်ရုံး၌ ညနေ(၃:၄၀)ခန့်က ပေါက်ကွဲမှုနှစ်ကြိမ် ဆက်တိုက် ဖြစ်ပွားခဲ့။
- ပဲခူးမြို့ ကျုံးရိုးတွင် နံနက်ပိုင်းက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပုံ ဗီနိုင်းချိတ်ဆွဲထားရာ စစ်အုပ်စုက ဖြုတ်ယူစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ရဲတဦးသေဆုံးခဲ့ခြင်းမှာ မိမိတို့ ပြုလုပ်ခဲ့ခြင်းသာ ဖြစ်ကြောင်း PDF – Bago က ထုတ်ပြန်ကြေညာခဲ့။








- စစ်ကျွန်ပြန်ကြားရေးမှ ပြည်သူများကို လိမ်ညာဝါဒဖြန့်ချိရန် ရန်ကုန်အနီးတဝိုက်တွင် ဖမ်းယူနားဆင်နိုင်သည့် "သပြေ-ရေဒီယို" ထုတ်လွှင့်မှုကို ဂျူလိုင်(၁၁)ရက်တွင် စတင်ထုတ်လွှင့်ရန် ပြင်ဆင်နေဟု သိရ။
- အင်းစိန်အကျဉ်းထောင်တွင် ကိုဗစ်ကူးစက်မှုများ မြင့်မားနေသဖြင့် Lockdown ချထား ။
- ရန်ကုန် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း- YESC မှာ စစ်အုပ်စုအသုံးစရိတ်အတွက် အခွန်ကောက်ပေးရာတွင် ပါဝင်နေပြီး အဆိုပါလုပ်ရပ်များ ရပ်တန့်ရန်နှင့် မရပ်တန့်ပါက မလိုလားအပ်သောထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဖက်ဆစ်ဆန့်ကျင်ရေးလက်ရုံးတပ်ဖွဲ့ - ဖ.ဆ.လ.တ က သတိပေးကြေညာချက်ထုတ်ပြန်ခဲ့။
- ရန်ကုန်အခြေစိုက်တော်လှန်ရေး (၁၄)ဖွဲ့ပူးပေါင်းထားသည့် Yangon Urban Guerrillas –YUG ကလည်း ယာဉ်ထိန်းရဲရုံးနှင့် လျှပ်စစ်ဝန်ထမ်းများ၏ စစ်ကျွန်ယန္တရား လည်ပတ်ရေး အတွက် လုပ်ဆောင်နေမှုများကို ရပ်တန့်ရန်နှင့် နေရာ(၆)ခုတွင်လည်း သတိပေးဖောက်ခွဲမှုများ ပြုလုပ်ပြထားပြီး ဖြစ်၍ ဆက်လက်လုပ်ဆောင်ပါက အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ အသက်အိုးအိမ်စည်း
- ရွှေဘိုမြို့နယ် တအုံကျေးရွာ၊ ဝက်သဲကျေးရွာတွင် နေထိုင်သည့် ကြံ့ခိုင်ရေးပါတီဝင်၊ ပျူစောထီးတဦးဖြစ်သူ ဦးတင်ထွန်းမှာ နံနက် (၁၀)နာရီခန့်က ဆိုင်ကယ်တစီးပေါ်မှ အနားကပ်၍ သေနတ်နှင့်အပစ်ခံရသဖြင့် သေဆုံးခဲ့ဟုသိရ။
- ဖားကန့်မြို့နယ်၊ နမ့်မော်ကျေးရွာ အုပ်စုဆိုင်းအောင်ကျေးရွာ အနီး၌ တာမခန်မြို့သစ်ဘက်မှ ခြေလျင်တက်လာသည့် စစ်အုပ်စုတပ်ဖွဲ့မှာ နံနက်(၆)နာရီခန့်က မိုင်းခွဲတိုက်ခိုက်ခံရသဖြင့် သေဆုံးသူနှင့် ဒဏ်ရာရသူ များပြားဟုသိရ။
- ဟိုပင်မြို့နယ်၊ ရွာသစ်ကြီးကျေးရွာ၌ ဂျူလိုင်(၆)ရက်၊ ည(၈)နာရီခန့်က စစ်အုပ်စုက ရမ်းကား ပစ်ခတ်သဖြင့် အသက်(၃၀)အရွယ် ကိုဘဂျမ်း သေဆုံးခဲ့ဟုသိရ။
- ရန်ကုန်၊ မြို့နယ်ပေါင်းစုံ လူငယ်သပိတ်စစ်ကြောင်း၊ သဃ်န်းကျွန်း၊ သုဝဏ္ဏလူငယ်သပိတ်၊ အင်းစိန်လူငယ်များ သပိတ်။ မန္တလေး၊ ချမ်းမြသာစည်၊ တပ်ပေါင်းစုသပိတ်၊ မန်းအခြေစိုက် တကသ၊ မန္တလာတက္ကသိုလ် စစ်ကြောင်း၊ မြတောင်၊ အောင်ပင်လယ်၊ ကျန်းမာရေး မိသားစု၊ မန်းကျောက်မျက်ကုန်သည် စစ်ကြောင်း၊ သံဃသမဂ္ဂ။ ဘုတလင်။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံ တောင်းတောင် ကျေးရွာများ။ အရာတော်။ ဒီပဲယင်းမြို့။ ကလေးမြို့။ မကွေး-နတ် မောက်၊ ဂန့်ဂေါ။ တန့်ဆည်။ မြိုင်။ ရေဖြူ။ ကံပေါက်။ ပြည်။ ပုသိမ်မြို့။ သရက်ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ ကချင်၊ ဖားကန့် မြို့ လုံးခင်းအုပ်စု၊ တာမခန်စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက်ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။ ရင်းမြစ် – မဇ္ဈိမ

## ဒေါင်းအလံချည်တဲ့မောင်းပြန်ကျည်

ငါတို့ကျောင်းသား
ငါတို့ ပြန်ပေးပါ
ငါတို့ပြည်သူ
ငါတို့ ပြန်ပေးပါ
ငါတို့အနာဂတ်
ငါတို့ ပြန်ပေးပါ

ခေတ်အခြေကောင်းဖို့
အလောင်းတွေ ထပ်ခဲ့ပြီးပြီပဲ။

ဘယ်တော့မှ
သွေးမအေးဘူး
သွေးကြွေးကို
သွေးနဲ့သာ ဆပ်ဖို့ရှိတယ်။

ဟိုအချိန်က
မောင်းပြန်ကို
ဒေါင်းအလံကိုင်ပြီး တိုက်ခဲ့တယ်။

အခုတော့
မောင်းပြန်မှာ
ဒေါင်းအလံချည်လို့
မောင်းပြန်ကို
မောင်းပြန်နဲ့ပဲ တိုက်ကြမယ်။ ။

**လက်ရုံးညီ**

